မြင်းခြံမြို့နယ်

ဖက်ရင်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၀-၂၀၂၁)

ဇယား(၄၈)မျိုး

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖက်ရင်းကျေးရွာ၊ မြင်းခြံမြို့နယ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


မာတိကာ

၁. မြင်းခြံမြို့နယ် ၊ ရသာအုပ်စု၊ ဖက်ရင်းကျေးရွာ၏ သယံဇာတမြေပုံ ၅

၂. မြင်းခြံမြို့နယ် ၊ ရသာအုပ်စု၊ ဖက်ရင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၆

၃. မြင်းခြံမြို့နယ် ၊ ရသာအုပ်စု၊ ဖက်ရင်းကျေးရွာ၏ ကျေးရွာတွင်း/ ပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၇

၄(၁)။ မြင်းခြံမြို့နယ် ၊ ရသာအုပ်စု၊ ဖက်ရင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၈

(က) ရည်ရွယ်ချက်

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄(၂)။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

(ခ) သဘာဝအရင်းအမြစ်များ

၄(၃)။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄(၄)။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ၊ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၄(၅)။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု
၄(၆)။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်မဟာဗျူဟာ ၁၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
၄(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး
(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ
(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့
၄(၈)။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၁၇
(က) နှစ်ပတ်လည်ဖွံ့ဖြိုးမှုအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦး ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး
၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၁၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနှင့်ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ္ဍာလုပ်ငန်းများ

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာအထောက်အပံ့

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ ၁၇

(က) နှစ်ပတ်လည်ဖွံ့ဖြိုးမှုအစီအစဉ်

(ခ) ကဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉

၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မည့်နည်းလမ်းများ ၂၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍာ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ

၁၂။ နောက်ဆက်တွဲဇယားများ (၄၈) ဇယား







## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။(က) ရည်ရွယ်ချက်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ပြည်သူများ ကိုယ်တိုင်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ် ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းကို မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြုပ်နှံမှု အစီအစဉ် အရ CDD စီမံကိန်းနှင့် VDP စီမံကိန်းဆောင်ရွက် လျှက်ရှိသည့် မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။

ဤအစီအစဉ်အရ မြင်းခြံမြို့နယ်အတွင်း ကျေးရွာပေါင်း (၁၈၃)ရွာရှိသည့်အနက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာရွေးချယ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ဖက်ရင်းကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲဆောင်ရွက်ရန် ရွေးချယ်ခဲ့ပါသည်။

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကိုရေးဆွဲပြီး နောက်ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ အချက်အလက်များရယူ၍ ကျေးရွာဖွံ့ဖြိုးရေးကို လိုအပ်သည့်လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းအရင်းများ၊ ဖြေရှင်းဆောင်ရွက်နိုင်သောနည်းလမ်းများကို ဖော်ထုတ်၍ ဦးစားပေးအစီအစဉ်အလိုက် စီမံချက်အားရေးဆွဲထားပါသည်။

(ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာအဆင့်မှ စီမံချက်ရေးဆွဲထားရှိမှုအတွက်ကျေးရွာ ဖွံ့ဖြိုး ရေးဆိုင်ရာအကူအညီများကို စုစည်း၍ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စု အဆင့်ထိတင်ပြသွားမည်ဖြစ်ပါသည်။

ကျေးရွာလူထု လိုလားချက်များနှင့်သက်ဆိုင်သည့် အခြားအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထုမှ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိနားလည်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်ဖြစ်၍ လူတိုင်းပါဝင်ခွင့်ရရှိပြီး လူထုကိုယ်တိုင် လုပ်ငန်းများစုစည်းခြင်း၊ ဦးစားပေးရွေးချယ်ခြင်းအားဖြင့် ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့် ဖွံ့ဖြိုးရေး လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကျေးရွာလိုအပ်ချက်များအား အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျေးရွာ၏စွမ်းရည်နှင့် လိုအပ်သည့် အရင်းအနှီးများ ရရှိမှုအပေါ် မူတည်၍ နောင်တွင် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာသည် မြင်းခြံမြို့နှင့် (၁၆) မိုင် ကွာဝေးပြီး ဆက်သွယ်သွား လာရေး လွယ်ကူပါသည်။ မြင်းခြံ-နဘူးအိုင်လမ်းမကြီး အနောက်ဘက်တွင် တည်ရှိပါသည်။ အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း အနည်းငယ် လုပ်ကိုင်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် (၄၀ မှ ၅၀) ဝန်းကျင်ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် တောတောင် မြစ်ချောင်းများမရှိဘဲ မြေပြန့်အနေအထားဖြစ် ပါသည်။ ယာမြေများဖြစ်၍ မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်း နှင့် ပဲ စိုက်ပျိုးရေး ထုတ်လုပ်ရန် အဓိက အကျိုးပြုသည်။

(ခ) သဘာဝအရင်းအမြစ်

ယာမြေများ နှင့် လယ်မြေများ ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီကောင်းမွန်ပါသည်။ သဘာဝ သယံဇာတများ မထွက်ရှိပါ။ တောင်သူအများစုမှာ စိုက်ပျိုးရေတွင်းများ တူးဖော်၍ လည်း ကောင်း၊ မြစ်ရေတင်မြောင်းမှလည်းကောင်း စိုက်ပျိုးရေများရရှိပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် ဧက (၅၂၀) ဧက ရှိပြီး မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်း နှင့် ပဲကို အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၃၅၃)စု နှင့် ကျား(၇၃၅)၊ မ(၈၆၃)ဖြင့် လူဦးရေပေါင်း (၁၅၉၈) ရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ ( ၄ ) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်း ပါသည်။ ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေ၏ (၈၀)% ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်

နိုင်သည်။ အလုပ်လုပ်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ( ၈ )% မျှ ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၇၅%)သည် အလယ်အလတ်နှင့် ဆင်းရဲအဆင့်ခံယူထားကြပြီး (၂၀%)မှာ ချမ်းသာအဆင့်နှင့် (၅%) မှာ အလွန်ဆင်းရဲဟု သတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေး လုံလောက်မှုကြောင့် စီးပွားရေး အသင့်အတင့် ကောင်းမွန်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ဖြင့် စီးပွားရေး ကောင်းမွန်သည့် အိမ်ထောင်စုများပြီး ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဆေးလိပ်၊ ကျပန်း စသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူများလည်း ရှိပါသည်။

ကျေးရွာတွင် အလွန်ဆင်းရဲအဆင့်မှာ နည်းပါးပြီး မြေယာမဲ့ အိမ်ထောင်စုများ မရှိသလောက် ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း များကို စိတ်ပါဝင်စားမှု အားနည်းပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၂၅%)ကို လေ့လာဆန်းစစ်မှုအရ သူတစ်ပါးထံ ချေးငှားပြီးမှ ထမင်းနပ်မှန်အောင် စားသုံးနိုင်သည့် အိမ်ထောင်စု မရှိကြောင်း၊ စီးပွားရေးနှင့် ကျန်းမာရေးအတွက်သာ ချေးငွေရယူလိုခြင်းဖြစ်ကြောင်းနှင့် အများဆုံးအကြွေးတင်ရှိမှုမှာ ၁၀၀၀၀၀ဝိ/ မှ ၈၀၀၀၀ဝိ/ ဝန်းကျင်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု နှင့် တစ်ခုလပ် မုဆိုးဖိုဦးဆောင် သည့် အိမ်ထောင်စုတို့မှာ ဆင်းရဲသဖြင့် ထိခိုက်လွယ်သည့် အိမ်ထောင်စုများဖြစ်ပါ သည်။

အခြားထိခိုက်လွယ်သည့်သူများမှ လူငယ်များဖြစ်ပြီး ဈေးနှုန်းသက်သာသည့် ဆိုင်ကယ်၊ ကားများ၊ ပေါ်များလာခြင်း၊ အရက်၊ ဘီယာစသည့်များနေရာတိုင်းတွင် ရရှိနိုင်ခြင်းကြောင့် မူးရစ်သောက်စားပြီး ယာဉ်မတော်တဆမှုများ ဖြစ်နိုင်ခြေများပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသူ/ ရွာသားအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ယုန်ထိုးတိုက်နယ်ဆေးရုံနှင့်(၁၀)မိုင်ခန့်ကွာဝေးပြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ နှင့်လည်း (၁၆)မိုင်ခန့် ကွာဝေးခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက် မှု ခံယူရန် ကားလမ်းဖြင့် အလွယ် တကူ သွားလာနိုင်သည်။

ကျေးရွာတွင် ကိုယ်ပိုင်စက်ရေတွင်းများရှိပြီး ရေလုံလောက်စွာ ရရှိကာ ရေကောင်းမွန်သဖြင့် ကူးစက်ရောဂါ မဖြစ်ပွားကြောင်း တွေ့ရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် ကျေးရွာတွင် အထက်တန်းကျောင်းရှိခြင်းကြောင့် ကျောင်းနေအရွယ်အားလုံးပညာသင်ကြားနိုင်သဖြင့် ပညာရေးနှင့်ပတ်သက်သည့် အခက်အခဲများ မရှိကြောင်း တွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆိုင်ရာဆက်နွယ်မှုမှာ ကျေးရွာ၏အစဉ်အလာအရ အမျိုးသမီးများအား အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများတွင် ထည့်သွင်းအသုံးပြုခြင်းမရှိသဖြင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။ ကျေးရွာတွင် လုပ်အားစိုက်ထုတ်ရမှု တူညီသော်လည်း လုပ်အားခငွေမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုမိုရရှိကြပြီး လုပ်အားခမှာ မညီမျှကြောင်း တွေ့ရှိရပါသည်။ ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မရှိပါ။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့ ရှိပါသည်။ နာရေးကိစ္စများ အပါအဝင် လူမှုရေးကိစ္စများဆောင်ရွက်မှု အားကောင်းပြီး စည်းလုံးညီညွတ်ကြောင်း တွေ့ရှိရပါသည်။ ပတ်မြန်မာ မှ ဆောင်ရွက်လျှက်ရှိသည့် ငွေစုငွေချေးလုပ်ငန်းကိုလည်း လည်ပတ်ဆောင်ရွက်လျှက် ရှိပါသည်။ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြပြီး စာရင်းဇယား ရေးသွင်းမှု အားနည်းပါသည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မား လာစေရန် ခေါင်းဆောင်မှု သင်တန်းများ၊ ဘာသာရေး သင်တန်းများ ပို့ချပေးနိုင်ပါက စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်းနှင့် ပဲ ကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေး ကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး စိုက်ပျိုးနိုင်ရန် စက်ရေတွင်းများမှ လုံလောက်စွာရရှိပါသည်။

အများစုမှာ တောင်သူလုပ်ငန်းလုပ်ကိုင်ကြသဖြင့် အလုပ်သမား မလုံလောက်မှုကြောင့် လုပ်အားခ ပိုမိုပေးရသည့် ပြဿနာများ ရင်ဆိုင်ရသည်။ အလုပ်သမားရှားပါးမှုနှင့် လုပ်အားခ ကုန်ကျစရိတ် သက်သာလာစေရန် ခေတ်မီစက်ကိရိယာများ ငှားရမ်းအသုံးပြုရပါသည်။ သီးနှံဖျက်ပိုး ကျရောက်မှုကို တခါတရံ တွေ့ရပြီး ခေတ်မီ ပိုးသတ်ဆေးဝါးများ အလွယ်တကူရရှိသဖြင့် အခက် အခဲမရှိသော်လည်း သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများရရှိပါက ကျေးရွာအတွက် အဆင်ပြေမည် ဖြစ်ပါသည်။

ကျေးရွာရှိ အိမ်ထောင်စု အားလုံးနီးပါးမှာ တစ်ပိုင်တစ်နိုင် နွား၊ ဝက် နှင့် ဆိတ် ကို မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင် လာနိုင်စေရန် နည်းပညာနှင့် ချေးငွေ ဝန်ဆောင်မှုပေးနိုင်ပါက မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ကိုင်ရန် ရေကန်/ဆည် မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ပန်းရံ၊ လက်သမား၊ စက်ချုပ် နှင့် လက်လုပ်လက်စားများ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများရှိပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများ အတွက် လျှပ်စစ်၊ သံချည်သံကွေး၊ ပန်းရံ၊ လက်သမား၊ စက်ချုပ် စသည့် သင်တန်းများ တက်ရောက်ရန် စိတ်ပါဝင်စားမှု မရှိဘဲ လတ်တလောစားဝတ်နေရေး ပြေလည်စေမည့် လက်လုပ်လက်စား ဘဝကို ခံယူထားကြသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ကျေးရွာတွင် ဖွင့်လှစ်ပေးလျှင် သင်ကြား တက်မြောက်နိုင်မည် ဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာစိုက်ခင်းများ ပိုးကျသည့်အခါ အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဓါတုပိုးသတ်ဆေး နှင့် ဓါတုမြေဩဇာ သုံးစွဲမှုများသဖြင့် ရေရှည်တွင် မြေဆီလွှာ အရည်အသွေးကျဆင်းနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပိုးသတ်ဆေးဗူးခွံ၊ ပလပ်စတစ်အိတ်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိ သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

ဖက်ရင်းကျေးရွာသည် မြင်းခြံမြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး မြေမြင့်သော အပိုင်းဖြစ်၍ ရေကြီးရေလျှံမိုးခြင်းမရှိပါ။ တခါတရံ အားပျော့သော မုန်တိုင်းကျရောက်တက်ပြီး မိုးခေါင်ရပ်ဝန်းဖြစ်သဖြင့် မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ခုအဖြစ် ရှိနေပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသည့် ချေးငွေကို တစ်ဧကတစ်သိန်းကျပ်နှုန်းဖြင့် ချေးယူနိုင်သော်လည်း ချေးငွေပမာဏ ကန့်သတ်ထားခြင်း၊ ချေးငွေကာလ

တိုတောင်းခြင်း၊ လိုအပ်ချိန်တွင် မရရှိသည့် အခက်အခဲများရှိပါသည်။ Pack Myanmar ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့မှ တစ်နှစ်အထိ ငွေချေးယူနိုင်သော်လည်း လိုအပ်သလောက် မရရှိနိုင်သဖြင့် အမှန်တကယ် လိုအပ် ချိန်တွင် အတိုးနှုန်းများသည့် စီးပွားရေးလုပ်ငန်းရှင်များထံမှ ချေးယူရပါသည်။

ကျေးရွာမှချေးငွေကို စိုက်ပျိုးရေးအတွက် အဓိကချေးယူလိုကြပြီး ကျန်းမာရေးနှင့် ပညာရေး အတွက် ချေးငွေရယူလိုခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက်သာလျှင် ချေးငွေလိုအပ်ခြင်းဖြစ်ပြီး အတိုးနှုန်း သက်သာစွာဖြင့် နှစ်စဉ်ချေးငွေ ရရှိရန် လိုအပ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းဆောင် (၄)ခု ရှိပြီး သွပ်မိုး၊ နံကပ် ဖြစ်ပါသည်။ ရွာသူ ရွာသားများမှ မူလတန်းမှ အထက်တန်းအဆင့်ထိ ပညာရေးကို ကျောင်းနေရွယ်အားလုံး ကျေးရွာတွင် ပညာသင်ကြားနိုင်ပါသည်။ ကျေးရွာမှ ကျောင်းစာသင်ခုံ နှင့် ပရိဘောဂ များတိုးချဲ့ရန် လိုလားကြသည်။

ကျေးရွာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမ(၁)ဦး နှင့် ဆရာ/ဆရာမ(၁၁)ဦး ရှိပြီး ကျောင်းသူ/ သား(၂၁၀)ဦး ရှိသဖြင့် ဆရာ၊ ဆရာမ အင်အားလုံလောက်မှု ရှိပါသည်။ မူလတန်းအဆင့် ပညာရေး အတွက် ပြဋ္ဌာန်းစာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များမှာ အခမဲ့ဖြစ်ပါသည်။

သောက်ရေအတွက် မိုးရေလှောင်ကန်များ ထားရှိအသုံးပြုကြပြီး စက်ရေတွင်းမှလည်း ရေရရှိသဖြင့် လုံလောက်မှုရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲလျှက်ရှိပါသည်။ စာသင်ကျောင်းတွင် ယင်လုံ အိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး လုံလောက်မှုရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင်လည်း ရိုးရာ ဓလေ့အတိုင်း ကပြတင်ဆက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် သီးသန့်အဖွဲ့အား သီးခြားဖွဲ့စည်း ထားခြင်းမရှိသဖြင့် ဉာဏ်စီမံချက်အရ အဖွဲ့အစည်း ဆောင်ရွက်ထားရှိပါသည်။

(ဇ) အခြေခံအဆောက်အဦး ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း လမ်းများမှာ ကျယ်သော်လည်း မြေသားလမ်းများဖြစ်ပါသည်။ ကျေးရွာလမ်းမ ကြီး ပေအရှည်မှာ ပေ(၁၂၀၀) ခန့် ရှိ၍ မိုးရာသီတွင် သွားလာရန် ခက်ခဲသဖြင့် ကျေးရွာလူထု မှ ရာသီ မရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း ဆောင်ရွက်လိုကြသည်။

ကျေးရွာမှာ လျှပ်စစ်မီး သွယ်တန်းအသုံးပြုနိုင်ပါသည်။ ကျေးရွာပြည်သူများမှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှု အသင့်အတင့် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

ကျေးရွာတွင် စာကြည့်တိုက် ရှိပါသည်။ ထို့ကြောင့် လူငယ်များဗဟုသုတရစေမည့် စာအုပ်စာပေ များ၊ ဘာသာရေးနှင့် ပတ်သတ်သည့် စာအုပ်စာပေများ၊ ခေတ်နှင့် လျော်ညီသည့် စာအုပ်စာပေများ ၊ သတင်းစာနှင့် ဂျာနယ်တို့ကို ကျေးရွာစာကြည့်တိုက်တွင် ဖတ်ရှုနိုင်ပါသည်။ သတင်း နှင့် ဆက်သွယ်ရေး မှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာနှင့် (၁)မိုင် ခန့် အကွာတွင် ကုက္ကဲ့ရဲစခန်းရှိပြီး အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

လျှပ်စစ်မီး ချိတ်ဆက် အသုံးပြုနိုင်သဖြင့် ကျောင်းသူ/ ကျောင်းသားများအတွက် အထောက်အပံ့ ဖြစ်ခြင်း၊ လျှပ်စစ်မီးဖိုနှင့် ချက်ပြုတ်နိုင်ခြင်း၊ ရုပ်သံလိုင်းများ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာပါမည်။

ကျေးရွာလူဦးရေ အားလုံး၏ (၈၀%) မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ပါသည်။ လူငယ်များ အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ ကို တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။ ကျေးရွာလူထုမှာ အများအားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမှီစွာ အသုံးပြုနိုင်သည်။ ကျေးရွာ သူ/သားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း ယုန်ထိုးတိုက်နယ်ဆေးရုံသို့လည်း ကောင်း၊ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ လည်းကောင်း သွားရောက်နိုင်ပါသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာ အတန်အသင့် ကောင်းမွန်သည်။ တောင်သူများသည် မြို့သို့အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာ မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်း၊ နှင့် ပဲ သီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။ ကျေးရွာသည် မြင်းခြံမြို့ နှင့် မန္တလေးမြို့များသို့ ကတ္တရာလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

မွေးမြူရေးထွက်ကုန်များ ရောင်းချနိုင်ရန် မြင်းခြံမြို့နှင့် မန္တလေးမြို့များတွင် ဈေးကွက်ကောင်း သော်လည်း ဆိတ်၊ သိုး၊ နွား၊ ဝက် နှင့် ကြက် မွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်သူ အနည်းငယ်သာရှိသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတများ မထွက် ရှိပါ။ လယ်ယာမြေများထပ်မံ တိုးချဲ့ရန် မြေနေရာ မကျန်ရှိသဖြင့် သီးနှံအထွက်တိုးအောင် စိုက်ပျိုးနိုင်ရန် လိုအပ်သည်။

တစ်ခါတစ်ရံကျရောက်တတ်သည့် သီးနှံဖျက်ပိုးများ နှိမ်နှင်းနိုင်သည့် သဘာဝပိုးသတ်ဆေး ပြုလုပ် နည်းနှင့် သီးနှံဖျက်ပိုး ကာကွယ်နည်းသင်တန်းများ ပို့ချပေးလျှင် သီးနှံဖျက်ပိုးများကာကွယ်နိုင်ခြင်း၊ ဖျက်ပိုး ကျရောက်ပါက ထိရောက်စွာ နှိမ်နှင်းခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ဆောင်ရွက်နိုင်သည့် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် လိုအပ်သည့်အချိန်တွင် ရရှိနိုင်မည့် အတိုးနည်းပါးပြီး နှစ်ရှည်ချေးငွေ ရရှိနိုင်ရန် ဝန်ဆောင်မှုလိုအပ်ပါသည်။

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိသဖြင့် ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာနှင့် အတွေ့အကြုံတို့ အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များ ကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျေးရွာလူထု၏ အဓိက စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံ၍ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ရရှိမှုမှတဆင့် စီးပွားရေးတိုးတက် အောင် ဆောင်ရွက်နိုင်မည်။

(၂) ကျေးရွာလူထု၏ လိုလားမှုဖြစ်သော ကျောင်းအဆင့်တိုးမြှင့်နိုင်ပြီး စာတတ်မြောက်မှု ပိုမို အားကောင်းလာကာ အသိပညာနှင့် အတတ်ပညာ ကျွမ်းကျင်သော ကျေးရွာလူထု စွမ်းဆောင် ရည် ပိုမိုမြင့်မားလာစေရမည်။

(၃) ကျေးရွာလူထုသည် စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးအခြေပြု အဖွဲ့အစည်းများ စွမ်းဆောင် ရည် မြင့်မားလာစေပြီး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု စွမ်းရည်များ တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

အထက်ဖော်ပြပါဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှု များကို ဆောင်ရွက်သွားကြမည်-

(၁) ရင်းနှီးငွေနှင့် စိုက်ပျိုးရေးနည်းစနစ်များ ရရှိအောင်ဆောင်ရွက်ပြီး စိုက်ပျိုးရေး လုပ်ငန်း တိုးတက်ကောင်းမွန်လာအောင် တိုးချဲ့ဆောင်ရွက်မည်။ ရင်းနှီးငွေ ပိုမိုရရှိပါက မွေးမြူရေး နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ခွဲဝေဆောင်ရွက် သွားပါမည်။ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သင်တန်းများ တက်ရောက်ခွင့် ရရှိ ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်မည်။

(၂) ကျေးရွာလူငယ်များအား စက်ပြင်၊ သံဂဟေ၊ ဆိုင်ကယ် ပြုပြင်သင်တန်းများ တက်ရောက် နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်။ အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး သင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်။ သင်တန်းဆင်းပြီး ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် အရင်းအနှီးရရှိစေရန် ဆောင်ရွက်ပေးမည်။

(၃) ကျေးရွာရှိလူငယ်များ ပညာရည်မြင့်မားစွာ တတ်မြောက်လာစေရန် ကျောင်းအဆင့် မြှင့်တင် နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်။ ကျေးရွာအကျိုး ပြုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာအောင် စီမံခန့်ခွဲမှုသင်တန်းများ၊ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဖက်ရင်းကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန၏ အကူအညီဖြင့် ပြုစုဖော်ပြထားပါသည်။ ကျေးလက်ဦးစီးမှတဆင့် ဒေသဆိုင်ရာအဆင့်များနှင့်

နိုင်ငံတော်အဆင့်အထိ ပံ့ပိုးနိုင်သည့် ဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနှင့်ပုံမှန်စိစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား နည်းပညာအထောက်အပံ့များ ပံ့ပိုးမှုသည်အရေးပါသည်။ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် မိမိကျေးရွာ၏လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ပုံမှန်စိစစ်သွားပါမည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် မြေပဲ ၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်း နှင့် ပဲ တို့ကို အဓိကစိုက်ပျိုးသဖြင့် သီးနှံဖျက်ပိုးကျရောက်ခြင်းကို ထိရောက်စွာနှိမ်နင်းနိုင်မည့် နည်းစနစ်များရရှိရန်လိုအပ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ကျေးရွာလူထုအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေရရှိရန် လိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများလုပ်ကိုင်ရန် လူငယ်များနှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းအဖြစ် အမျိုးသမီးများအတွက် စက်ချုပ်၊ ဇာထိုးပန်းထိုး သင်တန်းများ လူငယ်များအတွက် သံဂဟော၊ ဆိုင်ကယ် ပြုပြင်သင်တန်း စသည့် သင်တန်းများရရှိရေး ထောက်ပံ့ပေးရန် လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) နှစ်ပတ်လည်ဖွံ့ဖြိုးမှုအစီအစဉ်

ကျေးရွာလူထုမှ ပြုစုထားသည့် ဦးစားပေးအလိုက် တန်းစီထားသည့် စီမံချက်များမှာပြီး ပြည့်စုံမှုမရှိသဖြင့် လိုအပ်သည့် လုပ်ငန်းများအား သုံးသပ်ပြီး နောင်တွင်ပြင်ဆင်သင့်သည်များကို ပိုမိုကောင်းမွန်သော စီမံချက်များဖြင့် ထည့်သွင်းဆောင်ရွက်သွားပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်နိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်နိုင်ပါမည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍

အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှု နှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ အထောက်အပံ့တို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်၊
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည် မြှင့်တင်ရေးအသုံးစရိတ်၊
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အအုံ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၅၀ | ၁ | မြေသားလမ်းပြုပြင်ပြီးကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ရန်၊ ငွေကြေးအတွက် အလှူရှင်များအား နှိုးဆော်ခြင်း၊အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။ | |
| ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းအတွက် ဆရာ/ဆရာမတာဝန်ချထားပေးရန် | ၄၈ | ၂ | ကျန်းမာရေးဌာနသို့ တင်ပြတောင်းခံရန်၊ | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်း | စက်ရေတွင်းများမှသောက်ရေအတွက် ပိုက်လိုင်းသွယ်ရန် (အိမ်သွယ်ရေတိုင်)၊ | ၄၅ | ၃ | ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံရန်၊ ငွေကြေးအတွက် အလှူရှင် များအားနှိုးဆော် ခြင်း၊ အလှူငွေများ ရရှိအောင် ဆောင်ရွက်သွားရန်။ | |
| စိုက်ပျိုးရေး | ကုန်ထုတ်လမ်းဆောင်ရွက်ရန် | ၄၃ | ၄ | ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံရန်၊ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်/ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | A | | | | |
| ၂ | ကျေးလက်ဆေးပေးခန်းအတွက် ဆရာ/ဆရာမတာဝန်ချထားပေးရန်၊ | ၂ | | A | | | |
| ၃ | စက်ရေတွင်းများမှသောက်ရေအတွက် ပိုက်လိုင်းသွယ်ရန်( အိမ်သွယ်ရေတိုင်)၊ | ၃ | | | A | | |
| ၄ | ကုန်ထုတ်လမ်းဆောင်ရွက်ရန်၊ | ၄ | | | | A | |
| | | | | | | | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တစ်ချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှု (ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်<br>အသုံးစရိတ် | ငွေလုံးငွေရင်း<br>အသုံးစရိတ် | စွမ်းဆောင်ရည်<br>မြှင့်တင်ရေး | လူသားချင်း<br>စာနာမှု<br>အထောက်အပံ့ |
| ၁ | ရွာတွင်းလမ်းများကွန်ကရာ ခင်းခြင်း | | | | | |
| ၂ | ကျေးလက်ဆေးပေးခန်း အတွက်ဆရာ/ဆရာမ တာဝန် ချထားပေးရန် | | | | | |
| ၃ | စက်ရေတွင်းများမှသော က်ရေအတွက်ပိုက်လိုင်း သွယ်ရန်(အိမ်သွယ်ရေ တိုင်)၊ | | | | | |
| ၄ | ကုန်ထုတ်လမ်းဆောင် ရွက်ရန် | | | | | |
| ၅ | | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မည့်နည်းလမ်းများ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- ပညာရေး ဖောင်ဒေးရှင်းအဖွဲ့သည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်

ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- ပညာရေးဖောင်ဒေးရှင်းအဖွဲ့သည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့ကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက်အကူပြု လမ်းဖောက်လုပ်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးမှုအဖွဲ့အစည်းများပုဂ္ဂလိ ကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော

သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင် ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက်

လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ ကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှု ကို တိုင်းတာသည့် အညွှန်းကိန်း(indicator) ကို တည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုး ရေးကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုကို အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော

အဆို ပြုချက်များ

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင် ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသောည အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ(၂) မျက်နှာ၊ (၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာမှ ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့် ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များကို ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁)　ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၁၇ | ၂၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၂၉ | ၄၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၆၃ | ၁၇၅ | ၃၃၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃၅ | ၁၄၂ | ၂၇၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၀ | ၄၆၂ | ၈၅၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၂၈ | ၅၂ | | |
| စုစုပေါင်း | | ၇၃၅ | ၈၆၃ | ၁၅၉၈ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၃၅၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။　။အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။　။ **ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေများပြီး သက်ကြီးရွယ်အိုနှင့် စီးပွားရေး လုပ်ငန်းမလုပ်ကိုင်နိုင်သူဦးရေ နည်းပါးပါသည်။**

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃၈ | ၃၇၅ | | ၂၅၄ | ၁၂၁ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၂ | ၈၁ | ၃ | ၄၇ | ၃၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၅ | ၂၇ | ၂ | ၁၂ | ၁၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ရွေးချယ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | ၁၈ | | ၁၈ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | | | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
